**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

## သတင်းသမားများအပေါ် သက်ရောက်စေသည့် ရာဇဝတ်မှုများကို ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်နေခြင်းအား အဆုံးသတ်ရန် အပြည်ပြည်ဆိုင်ရာနေ့ ထုတ်ပြန်ချက်

**ရက်စွဲ။ ။ နိုဝင်ဘာလ ၂ ရက်၊ ၂၀၁၈ ခုနှစ်**

၂၀၁၈ ခုနှစ်တွင် ကျရောက်သော သတင်းသမားများအပေါ် သက်ရောက်စေသည့် ရာဇဝတ်မှုများကို ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်နေခြင်းအား အဆုံးသတ်ရန် အပြည်ပြည်ဆိုင်ရာနေ့ (International Day to End Impunity for Crimes against Journalists) တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင်ရှိသော သတင်းသမားများဘက်မှ ရပ်တည်ကြောင်း ဖော်ပြအပ်ပါသည်။ ၂၀၁၈ ခုနှစ်သည် မြန်မာနိုင်ငံတွင်း သတင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာ နှစ်တစ်နှစ်ဖြစ်သည့်ပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နယ်ပယ်သည်လည်း ပို၍ ကျဉ်းမြောင်းလာသည့်နှစ်ဖြစ်သည်။ သတင်းသမားများ၏ ပုံမှန် ရရှိသင့်သော သတင်းရယူ ရေးသား ဖော်ပြခဲ့ခြင်းအတွက် လက်ရှိကာလတွင် မြန်မာနိုင်ငံတွင်း သတင်းသမား ၂၂ ဦးသည် တရားရင်ဆိုင်နေကြရပြီး ထောင်ဒဏ်ချမှတ်ခြင်းခံရနိုင်သော အခြေအနေကို ရင်ဆိုင်နေကြရသည်။

ယနေ့မြန်မာနိုင်ငံတွင် ခေတ်နှင့်မလျော်ညီတော့သော ဖိနှိပ်ထားသည့် ဥပဒေများကို လွတ်လပ်စွာ သတင်းထုတ်ဖော်ခွင့်၊ ရေးသားခွင့်နှင့် သတင်းတင်ပြခွင့်တို့ကို ကန့်သတ်ရန် ဆက်လက် အသုံးပြုလျှက်ရှိသည်။

- ရိုက်တာသတင်းဌာန၏ သတင်းထောက် နှစ်ဦးဖြစ်သော ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့သည် တရားမဝင် စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိသည်ဟု စွပ်စွဲခြင်းခံခဲ့ရကာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးသည် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ကိုးလကြာ ထိန်းသိမ်းခြင်းခံခဲ့ရပြီးနောက် ထောင်ဒဏ် ခုနှစ်နှစ် ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ရသည်။

- ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ) သည် အခြေခံကျသော လွပ်လပ်ခွင့်များကို ဖြတ်တောက်လျှက်ရှိသည်။ သတင်းသမားများ၏ ပုံမှန်အတိုင်း သတင်းရယူ ရေးသားတင်ပြခြင်း သဘောသဘာဝသည် ပုဒ်မ ၆၆(ဃ) ကို ချိုးဖောက်သကဲ့သို့ဖြစ်နေပြီး သတင်းသမားအများစုသည် ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခြင်းခံနေကြရသည်။ လက်ရှိကာလတွင် သတင်းသမား ၁၆ ဦးသည် ထိုပုဒ်မဖြင့် ဖိနှိပ်ခြင်းကို ခံနေကြရသည်။

- ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အား ဝေဖန်ထောက်ပြသည့် ဆောင်းပါးကိုရေးသား ဖော်ပြခဲ့ခြင်းအတွက် တိုင်းအစိုးရအဖွဲ့ကို အကြည်ညိုပျက်စေသည်ဟုဆိုကာ အီလဲဗင်းသတင်းဌာနမှ အယ်ဒီတာချုပ်၊ တာဝန်ခံ အယ်ဒီတာနှင့် အကြီးတန်းသတင်းထောက်တို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆိုခဲ့သည်။

- ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ထားဝယ်မြို့နယ်တရားရုံးမှ ထားဝယ်အခြေစိုက် တနင်္သာရီအပတ်စဉ်ဂျာနယ်ကို မဲဆွယ်အပြုံး အမည်ရ သရော်စာဖော်ပြခဲ့မှုနှင့် ပတ်သက်၍ သတင်းမီဒီယာပုဒ်မ ၂၅ (ခ) ဖြင့် စွဲချက်တင်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် တနင်္သာရီဂျာနယ်အား တနင်္သာရီတိုင်း အစိုးရအဖွဲ့မှ တရားစွဲဆိုထားခြင်းအား ချေဖျက်ပေးရန် လျှောက်ထားမှုကို လည်း နေပြည်တော် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပလပ်ခဲ့သည်။

၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ အမှာစကားသည် မတရားဖမ်းဆီး၊ ထိန်းသိမ်းမှုများကို အဆုံးသတ်ရန် သာမက သေစေနိုင်လောက်ခြင်းမရှိသော်လည်း ဆိုးဝါးစွာ တိုက်ခိုက်မှုများကိုပါ ကိုင်တွယ်ဆောင်ရွက်ရန်ဖြစ်သည်။ ထိုးနက်တိုက်ခိုက်မှုများကို ပြစ်ဒဏ်ပေးခြင်းမရှိသောကြောင့် လူမှုနယ်ပယ်အတွင်း သတင်းသမားများကို ခြိမ်းခြောက်ခြင်းနှင့် အနှောင့်အယှက်ပြုခြင်းများသည် ကျယ်ပြန့်လာခဲ့သည်။ ကသိကအောက်ဖြစ်စေသော အမှန်တရားနှင့် ၎င်းတို့ နှစ်သက်ခြင်းမရှိသော ထင်မြင်ချက်များကို အစိုးရမှ ရေးသားစေလိုခြင်းမရှိပါဟု ကမ္ဘာ့ကုလသမဂ္ဂမှလည်း ဖော်ပြထားသည်။

ခြိမ်းခြောက်မှုနှင့် အနှောင့်အယှက်ပြုမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းကို ပိုမိုဆိုးရွားစေပါသည်။ အမှန်တရား၊ အကျင့်ပျက်ခြစားမှုနှင့် ချိုးဖောက်မှုများကို ဖော်ထုတ်နိုင်ရန် မျက်မှောက်ကာလတွင် မီဒီယာလွတ်လပ်ခွင့်သည် မရှိမဖြစ်လိုအပ်ပါသည်။ မီဒီယာများအပေါ် ထိုးနက်တိုက်ခိုက်မှုများ၊ ဖမ်းဆီးမှုများနှင့် ခြိမ်းခြောက်မှုများသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မရှိတော့ပါ။ အစိုးရအနေဖြင့် ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခြင်းခံနေကြရသော သတင်းသမားများကို လွှတ်ပေးခြင်းအားဖြင့်လည်းကောင်း၊ သတင်းမီဒီယာလောကကို ခြိမ်းခြောက်လျှက်ရှိသော ဥပဒေများကို ရုတ်သိမ်းခြင်းအားဖြင့်လည်းကောင်း၊ သတင်းသမားများကို ကြောက်ရွံ့စေရန် ဖန်တီးနေမှုများကို မပြုလုပ်ရန်အတွက်သော်လည်းကောင်း အမြန်ဆုံးလုပ်ဆောင်ခြင်းအားဖြင့် သတင်းလွတ်လပ်ခွင့်ကို ဖော်ဆောင်ပါရန် မိမိတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ အစိုးရအား အလေးအနက် တိုက်တွန်း အကြံပြုအပ်ပါသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

ဆက်သွယ်မေးမြန်းရန်

တိတ်နိုင် အတွင်းရေးမှူး + ၉၅(၀) ၉၄၂၈ ၀၂၃ ၈၂၈

အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈ ၁၁၇ ၃၄၈